MAGDPL

MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC CO., LTD

# မြန်မာ့လယ်ယာထွက်ကုန်နှင့်အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်လီမိတက်

# 12th ANNUAL GENERAL MEETING

**23rd December 2025 (Tuesday)**

Virtual Meeting
(14:00 PM)

(Shareholders Online Registration - 28-11-2025 to 12-12-2025)

“အစုရှယ်ယာရှင်များအနေဖြင့် မေးမြန်း/အကြံပြုလိုသည်များရှိပါက (၁၂-၁၂-၂၀၂၅) ရက်နေ့ ညနေ (၅:၀၀) နာရီနောက်ဆုံးထား၍ info@magdpl.com သို့ ပေးပို့နိုင်ပါသည်”

"For any question or suggestions, please kindly send to info@magdpl.com latest (5:00) pm on 12th December 2025"

# ဖိတ်ကြားလွှာ

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက် (MAGDPL) ၏

အထူးအထွေထွေအစည်းအဝေး နှင့်

ဒွါဒသမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး

(12th Annual General Meeting) အား

Online အသုံးပြု၍ ၂၃ - ၁၂ - ၂၀၂၅ (အင်္ဂါနေ့) မွန်းလွဲ (၂း၀၀) နာရီအချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ တက်ရောက်ပေးနိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

| | |
|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက် (အင်္ဂါနေ့) |
| အစည်းအဝေးကျင်းပမည့်အချိန် | - မွန်းလွဲ (၂း၀၀) နာရီတိတိ |
| အစည်းအဝေးကျင်းပမည့်ပုံစံ | - Zoom Online Meeting (Zoom Meting ID အားအချိန်မီပေးပို့ပေးပါမည်) |

၂၈ - ၁၁ - ၂၀၂၅ နေ့တွင် https://www.magdpl.com ၌ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၂၅ - ၂၀၂၆ ခုနှစ်အတွက် အရွေးချယ်ခံမည့် ဒါရိုက်တာအဖွဲ့ကို အစုရှယ်ယာရှင်များက ဆန္ဒမဲပေးသည့် ကိစ္စနှင့် ပတ်သက်သည့် အချက်အလက် အပြည့်အစုံကို Online Registration ပြုလုပ်နိုင်ရန်အတွက် တင်ပြထားမည် ဖြစ်ပါသည်။

Online Registration ပြုလုပ်သူများကို မှတ်ပုံတင်ထားသည့် တယ်လီဖုန်းသို့ SMS ဖြင့် Zoom Webinar Link ပေးပို့မည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစီရင်ခံစာအား အစုရှယ်ယာရှင်များ သိရှိနိုင်ရန်အတွက် https://www.magdpl.com ၌ ၂၈ - ၁၁ - ၂၀၂၅ နေ့တွင် တင်ထားပေးမည်ဖြစ်ပါသည်။

MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC CO., LTD.
MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC CO., LTD
Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

**မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်၏**
**၁၂ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် ဆောင်ရွက်မည့် ကိစ္စရပ်များ**

ရက်စွဲ။ ။၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်။

၁။ ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာ၊ အတည်ပြုဘဏ္ဍာရေးရှင်းတမ်းများနှင့် ပြင်ပစာရင်းစစ် အစီရင်ခံစာတို့ကို ကြေညာခြင်း။

၂။ အစုရှယ်ယာရှင်များ၏ အမြတ်ဝေစုခွဲဝေခြင်းအား ကြေညာခြင်း။

၃။ ဒါရိုက်တာအဖွဲ့ဝင်များ ရွေးချယ်ခန့်အပ်ခြင်းနှင့် ရွေးချယ်ခံရသော ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းအား ကြေညာခြင်း။

၄။ လွတ်လပ်သော ဒါရိုက်တာများ၏ အမည်စာရင်းအား ကြေညာခြင်း။

၅။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်ခန့်အပ်ခြင်းကို ကြေညာခြင်း။

**အစုရှယ်ယာရှင်များအနေဖြင့် မေးမြန်းအကြံပြုလိုသည်များရှိပါက (၁၂-၁၂-၂၀၂၅) ရက်နေ့ ညနေ (၅း၀၀) နာရီ နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။**

**Agenda of Myanma Agricultural & General Development Public Co., Ltd. (MAGDPL)**

**12th Annual General Meeting**

1. Announcement of Directors' Report, Approved Financial Statements and External Audit Report for the Financial Year ended on 31st March 2025 (FY 2024-2025).
2. Announcement of Shareholder's Dividend.
3. Appointment of Members of the Board and announcement of Approved BOD Members.
4. Announcement of Approved Independent Directors.
5. Announcement of Approved External Audit Firm for the Financial Year 2025-2026.

**"For any question or suggestion, please kindly send them by 5:00 pm on 12th December 2025."**

ဒါရိုက်တာအဖွဲ့
မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး
အများပိုင်ကုမ္ပဏီလီမိတက်

**MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC CO., LTD.**

MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC CO., LTD

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

## အမြတ်ဝေစု ခွဲဝေမည့် စနစ်အား ရှင်းလင်းတင်ပြခြင်း

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက် (MAGDPL) ၏ ဒါရိုက်တာ အဖွဲ့သည် ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေများအပေါ် အခြေခံ၍ ၂၃-၁၂-၂၀၂၅ ရက်နေ့တွင် ကျင်းပမည့် ဒွါဒသမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များအား အစုရှယ်ယာရှင်များပိုင်ဆိုင်သည့် အစုရှယ်ယာတစ်စုလျှင် (၅၀)ကျပ်တိတိအား ခွဲဝေပေးမည်ဖြစ်ကြောင်း ၂၄-၁၀-၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေး အမှတ်စဉ် ( ၄/၂၀၂၅) ၌ ဆွေးနွေးဆုံးဖြတ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ အစုရှယ်ယာရှင်များသို့ ခွဲဝေပေးမည့် အမြတ်ဝေစုတန်ဖိုးကို အစုရှယ်ယာရှင်များအား စနစ်တကျ ထုတ်ပေးနိုင်ရန်အတွက် ၆-၁၁-၂၀၂၅ နေ့အထိ အရောင်းအဝယ်ပြုလုပ်ခဲ့ပြီး အစုရှယ်ယာရှင် မှတ်တမ်းတွင် ၁၀-၁၁-၂၀၂၅ နေ့၌ ပါရှိမည့် အစုရှယ်ယာရှင်တစ်ဦးချင်းစီက အစုရှယ်ယာဝယ်ယူပိုင်ဆိုင်သော အရေအတွက်အတိုင်း ရယူခွင့်ရှိမည် ဖြစ်ပါသည်။

အမြတ်ဝေစုများ ထုတ်ဝေပေးရာတွင် -

Securities ကုမ္ပဏီများဖြစ်သော CB Securities, KBZSC Securities, MSEC Securities, AYAtrust Securities, KTZRH Securities နှင့် UAB Securities ကုမ္ပဏီတို့တွင် Securities Account ဖွင့်လှစ်ထားပြီး ဖြစ်သည့် အစုရှယ်ယာရှင်များအတွက် အမြတ်ဝေစုကို မိမိတို့ဖွင့်လှစ် ခဲ့သည့် Securities ကုမ္ပဏီများသို့ ထည့်သွင်းပေးမည်ဖြစ်ပါ၍ Securities ကုမ္ပဏီနှင့် ဆက်သွယ်ဆောင် ရွက်ကြရပါမည်။ ထည့်သွင်းပေးမည့် ရက်ကို ထပ်မံကြေညာပါမည်။

Securities Account မဖွင့်လှစ်ရသေးသော အစုရှယ်ယာရှင်များအနေဖြင့် Shwe Zabu River View Complex, 23G-1, No.3B, Tower (A), ပထမထပ်၊ ကမ်းနားလမ်း၊ အလုံမြို့နယ်တွင် လာရောက် ထုတ်ယူရမည့် ရက်စွဲအား ဆက်လက်ကြေညာပေးသွားမည် ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုး
တိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်

**MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC CO., LTD.**

MAGDPL

MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC CO., LTD

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

**အမြတ်ဝေစု ထုတ်ယူရန်ကျန်ရှိသည့် အစုရှယ်ယာရှင်များအား**
**အသိပေးအကြောင်းကြားခြင်း**

၂၀၁၆-၁၇၊ ၂၀၁၉၊ ၂၀၁၉-၂၀၂၀၊ ၂၀၂၀-၂၀၂၁၊ ၂၀၂၁-၂၀၂၂ Mini Budget ၊ ၂၀၂၂-၂၀၂၃၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တို့အတွက် မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် (MAGDPL) မှ ခွဲဝေပေးသည့် အမြတ်ဝေစုအား အကြောင်းကြောင်းကြောင့် လာရောက်မထုတ်ယူသေးသည့် အစုရှယ်ယာရှင်များအနေဖြင့် အောက်တွင် ဖော်ပြထားသည့်အတိုင်း ဆက်သွယ်၍ အမြတ်ဝေစု ထုတ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| ဆက်သွယ်ရမည့်လိပ်စာ | - | မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုး တိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်(MAGDPL)<br>ရွှေဇဗ္ဗူရေးဗားဗျူးကွန်းပလပ်(စ်)၊ ၂၃ ဂျီ-၁၊ အမှတ် ၃-ဘီ၊ တာဝါ (အေ)၊ ပထမထပ်၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ဆက်သွယ်ရမည့်ဖုန်းနံပါတ် | - | ၀၉-၄၂၁၁ ၆၂၃၃၁ |
| E-mail | - | info@magdpl.com |

**ဒါရိုက်တာအဖွဲ့**
**မြန်မာ့လယ်ယာထွက်ကုန်နှင့်အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်**
**ကုမ္ပဏီလီမိတက် (MAGDPL)**

---

**အသိပေးကြေညာချက်**

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက် (MAGDPL) ၏ ဒါရိုက်တာအဖွဲ့က ဒွါဒသမအကြိမ်မြောက် နှစ်ပတ်လည်အထွေအစည်းအဝေးတွင် တင်ပြမည့် နှစ်ပတ်လည်အစီရင်ခံစာ စာအုပ်ကို ၂၈-၁၁-၂၀၂၅ ရက်နေ့မှစတင်၍ MAGDPL ၏ Website ဖြစ်သည့် https://www.magdpl.com တွင် တင်ထားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**မြန်မာ့လယ်ယာထွက်ကုန်နှင့်အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်**
**ကုမ္ပဏီလီမိတက် (MAGDPL)**

သို့

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်(**MAGDPL)**

ရက်စွဲ။ ။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ( )ရက်။

လူကြီးမင်းခင်ဗျား …

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်တွင် ယင်းကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို လိုက်နာလျက် ၂၀၂၅-၂၀၂၆ ခုနှစ် ဒါရိုက်တာအဖွဲ့ဝင်သစ်များ ရွေးချယ်ခန့်အပ်ရာတွင် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်အရွေးအချယ်ခံလိုကြောင်း အဆိုပြုပါသည်။

| | |
|---|---|
| အဆိုပြုသူလက်မှတ် | -------------------------------------------- |
| အဆိုပြုသူအမည် | -------------------------------------------- |
| မှတ်ပုံတင်အမှတ် | -------------------------------------------- |
| နေရပ်လိပ်စာ | -------------------------------------------- |
| | -------------------------------------------- |

---

**ဒါရိုက်တာအဖြစ် အရွေးခံရန် အဆိုပြုနိုင်သည့် အစုရှယ်ယာရှင်၏ အရည်အချင်း သတ်မှတ်ချက်နှင့် စည်းကမ်းချက်များ**

၁။ အစုရှယ်ယာအရေအတွက် ၁၀,၀၀၀ (အစုရှယ်ယာတန်ဖိုး သိန်းတစ်ရာ) နှင့်အထက် ပိုင်ဆိုင်ရမည်။

၂။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပြဋ္ဌာန်းထားသည့် ဒါရိုက်တာအရည်အချင်းနှင့်ပြည့်မီ၍ သတ်မှတ်စည်းမျဉ်း စည်းကမ်းများ လိုက်နာနိုင်သူဖြစ်ရမည်။

၃။ အဆိုပြုလွှာနှင့်အတူ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ (၂)ပုံ ပါရှိရမည်။

၄။ ပူးတွဲပါ ကိုယ်ရေးမှတ်တမ်းအကျဉ်းတွင် ပြည့်စုံစွာဖြည့်စွက်၍ ပြန်လည်ပေးပို့ရမည်။

၅။ ၁၂-၁၂-၂၀၂၅ နေ့ (သောကြာနေ့) ညနေ (၅:၀၀) နာရီတွင် **MAGDPL** ၏ **Email** အမှတ် info@magdpl.com သို့ နောက်ဆုံးထား ပေးပို့ရန် နှင့် ၎င်းအချိန်ထက်ကျော်လွန်ပါက အတည်ပြုလက်ခံမည်မဟုတ်တော့ပါ။

**မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက် (MAGDPL)**

၂၀၂၅-၂၀၂၆ ခုနှစ်အတွက် ဒါရိုက်တာအဖြစ် ပါဝင်အရွေးခံလိုသူ၏

ကိုယ်ရေးမှတ်တမ်းအကျဉ်း

ဓာတ်ပုံကပ်ရန်

၁။ အမည် - ------------------------------------------------

၂။ နိုင်ငံသား မှတ်ပုံတင်အမှတ် - ------------------------------------------------

၃။ မွေးသက္ကရာဇ် - ------------------------------------------------------------------------

၄။ ပညာအရည်အချင်း - ------------------------------------------------------------------------

၅။ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ - ------------------------------------------------------------------------

၆။ မိဘအမည်၊ ကိုယ်ကွယ်သည့်ဘာသာ - ------------------------------------------------------------------------

၇။ လက်ရှိနေရပ်လိပ်စာ - ------------------------------------------------------------------------

------------------------------------------------------------------------

၈။ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ အီးမေးလ် - ------------------------------------------------------------------------

------------------------------------------------------------------------

၉။ ပိုင်ဆိုင်သည့်အစုရှယ်ယာအရေအတွက် - ------------------------------------------------------------------------

၁၀။ ကုမ္ပဏီလုပ်ငန်းအတွေ့အကြုံ - ------------------------------------------------------------------------

(နောက်ဆက်တွဲဖြင့်ဖော်ပြနိုင်ပါသည်) ------------------------------------------------------------------------

------------------------------------------------------------------------

၁၁။ အခြားလုပ်ငန်းအတွေ့အကြုံ - ------------------------------------------------------------------------

(နောက်ဆက်တွဲဖြင့်ဖော်ပြနိုင်ပါသည်) ------------------------------------------------------------------------

၁၂။ အထက်ဖော်ပြပါ အကြောင်းအရာပါများမှာ မှန်ကန်ပါကြောင်းနှင့် ဒါရိုက်တာအဖြစ် ရွေးချယ်ခံရပါက လက်ခံဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

အဆိုပြုသူ အစုရှယ်ယာရှင်၏ လက်မှတ်

---------------------------------------------

MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC CO., LTD.

MAGDPL

MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC CO., LTD

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

## အစုရှယ်ယာရှင်များအား အသိပေးခြင်း

၁။ မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက် (MAGDPL) ၏ ဒွါဒသမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကို Online အသုံးပြု၍ ၂၃-၁၂-၂၀၂၅ ရက် (အင်္ဂါနေ့)၊ မွန်းလွဲ (၂း၀၀) နာရီအချိန်တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ ဒါရိုက်တာအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစီရင်ခံစာကို ၂၈-၁၁-၂၀၂၅ ရက်(သောကြာနေ့) တွင် https://www.magdpl.com ၌ တင်ပေးထားမည် ဖြစ်ပါသည်။

၃။ အစုရှယ်ယာရှင်များ၏ အကြံပြုချက်/မေးမြန်းချက်များကို ၁၂-၁၂-၂၀၂၅ ရက် (သောကြာနေ့) ညနေ (၅း၀၀) နာရီ နောက်ဆုံးထား၍ ဒါရိုက်တာအဖွဲ့ထံသို့ လိပ်မူပြီး https://www.magdpl.com သို့ ပေးပို့နိုင်ပါသည်။

၄။ အစုရှယ်ယာရှင်များ၏ ဆန္ဒမဲဖြင့် ဒါရိုက်တာအဖွဲ့ဝင်သစ်များကို ရွေးချယ်နိုင်ရန် Online Register ပြုလုပ်ရမည်ဖြစ်ပြီး မှတ်ပုံတင်ခြင်းကို ၁၂-၁၂-၂၀၂၅ ရက် (သောကြာနေ့) ညနေ (၅း၀၀) နာရီ အချိန်ထက် နောက်မကျဘဲ MAGDPL ၏ Website ဖြစ်သော https://www.magdpl.com တွင် ဝင်ရောက်ဆောင်ရွက်နိုင်ပါသည်။

၅။ Online Registration ပြုလုပ်ရန်အခက်အခဲရှိသည့် အစုရှယ်ယာရှင်များအနေဖြင့် MADPL ၏ Viber ဖုန်းနံပါတ်အမှတ် ၀၉-၄၂၁၁၆၂၃၃၁ သို့ အစုရှယ်ယာရှင်၏ မှတ်ပုံတင်မူရင်းကို ရှေ့နောက်ဓာတ်ပုံရိုက်၍ အမည်၊ မှတ်ပုံတင်အမှတ်၊ Online Voting Link နှင့် Zoom Webinar Link လက်ခံမည့် မိုဘိုင်းဖုန်းနံပါတ်တစ်ခုတည်းဖြင့် အစုရှယ်ယာရှင်ကိုယ်တိုင်ပေးပို့၍ စာရင်းပေးသွင်းဆောင်ရွက်နိုင်ပါသည်။

၆။ မြန်မာ့လယ်ယာထွက်ကုန်နှင့်အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက် (MAGDPL) ၏ ဒွါဒသမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကို အွန်လိုင်းအသုံးပြု၍ ၂၃-၁၂-၂၀၂၅ ရက် (အင်္ဂါနေ့)၊ မွန်းလွဲ (၂း၀၀) နာရီအချိန်တွင် ကျင်းပပြု လုပ်မည်ဖြစ်ပါသည်။ အစည်းအဝေးကျင်းပသည့်နေ့တွင် ဒါရိုက်တာအဖွဲ့ဝင်ရွေးချယ်ခြင်းကို ပြုလုပ်သွားမည် ဖြစ်ပါသည်။

၇။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံလိုသူသည် အစုရှယ်ယာအရေအတွက် (၁၀,၀၀၀) (အစုရှယ်ယာတန်ဖိုးသိန်းတစ်ရာ) နှင့်အထက် ပိုင်ဆိုင်သူဖြစ်ရန် လိုအပ်ပြီး MAGDPL Website ဖြစ်သော https://www.magdpl.com သို့ ဝင်ရောက်၍ သတ်မှတ်ထားသည့် Form ပုံစံများ Download ပြုလုပ်ဖြည့်စွက်ပြီး လျှောက်ထားနိုင်ပါသည်။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံလိုသူများအနေဖြင့် ၁၂-၁၂-၂၀၂၅ (သောကြာနေ့) ညနေ (၅း၀၀) နာရီထက် နောက်မကျဘဲ MAGDPL ၏ Email ဖြစ်သည့် info@magdpl.com သို့ ပေးပို့ပေးရပါမည်။ သတ်မှတ်အချိန်ထက် ကျော်လွန်ပါက အတည်ပြုလက်ခံမည် မဟုတ်တော့ပါ။

**ဒါရိုက်တာအဖွဲ့**

**မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်**